# ငါးဖမ်းလုပ်ငန်းတွင် ဘေးကင်းအောင် နေထိုင်ပါ



ရေရှည်တည်တံ့သည့် ငါးဖမ်းနည်းစနစ်သစ်များနှင့်အတူ မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းကဏ္ဍသည် ရေရှည်လုပ်ကိုင်ရန် ကောင်းမွန်သည့်နေရာတစ်ခုအဖြစ် ရောက်ရှိလာမည် ဖြစ်ပါသည်။ ယခုပင် ဘေးအန္တရာယ်ကင်းအောင်နေထိုင်မှုဖြင့် အနာဂတ်ကိုတည်ဆောက်လိုက်ပါ။

ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရာတွင် သင်၏တာဝန်များကဘာတွေလဲ။ ငါးဖမ်းသင်္ဘောပေါ်သို့ (ငါးထည့်ပုံးများ၊ ပိုက်ဆွဲတင်ဖော့များ)ပစ္စည်းများကို တင်ပေးရပါသလား။ အချက်ပြမီးတပ်ဆင်ခြင်းကဲ့သို့ ရေတက်ရေကျအလိုက်ချထားနိုင်ရန် ပိုက်ကွန်များကို အဆင်သင့်လုပ်ထားပါသလား။ ပိုက်ကွန်ချခြင်းနှင့် ငါးဖမ်းပြီးချိန် ပိုက်ကွန်များအား ပြန်လည်ဆွဲတင်စဉ်အကူညီပေးရပါသလား။ ကမ်းပေါ်ပြန်ရောက်သည့်အခါ ငါးများအား နေလှမ်းသည့်နေရာသို့ သယ်ပေးရပြီး အမျိုးအစားခွဲခြားပေးရပါသေးသလား။

၎င်းအရာများအားလုံးသည် ကောင်းမွန်ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်လည်းဖြစ်နိုင်ပါသည်။ သို့ရာတွင် သင့်အားနာကျင်ထိခိုက်စေခြင်း သို့မဟုတ် နေထိုင်မကောင်းဖြစ်စေခြင်းများ ဖြစ်စေနိုင်သည့်အရာများလည်း အမြဲရှိနေတတ်ပါသေးသည်။ ထို့အပြင် အလွန်အမင်းအန္တရာယ်ရှိနေခြင်းကြောင့် သင့်အားမည်သူကမှ လုပ်ကိုင်ရန် မခိုင်းစေသည့် လုပ်ငန်းတာဝန်အချို့လည်း ရှိနေပါသေးသည်။ ကြီးကြပ်သည့်လူကြီးများ(ငါးဖမ်းသင်္ဘောပိုင်ရှင် သို့မဟုတ် ငါးဖမ်းကုမ္ပဏီ)သည် သင်အလုပ်လုပ်ကိုင်သည့်နေရာ၊ သင်လုပ်ကိုင်သည့် အလုပ်တို့အပေါ် ဘေးအန္တရာယ် ကင်းရှင်းစေရေး ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ သို့ရာတွင် သင့်အနေဖြင့် ဖြစ်ပေါ် လာနိုင်သည့် အန္တရာယ်များ၊ အဆိုပါ အန္တရာယ်များနှင့် စပ်လျဉ်းပြီး မည်သို့ဆောင်ရွက်ရမည်တို့ကို သိရှိထားပါက ပိုကောင်းမည်ဖြစ်ပါသည်။

## ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည့် လူငယ်များအတွက် ကျရောက်နိုင်မှု အများဆုံး အန္တရာယ် ၅ မျိုး

- ရေနစ်ခြင်း-လှိုင်းကြီးခြင်း၊ရေအောက်တွင်ပိုက်ကွန်ငြိခြင်း၊ ငါးဖမ်းသင်္ဘော အရည်အသွေးညံ့ဖျင်းခြင်း၊
- ကျောပေါ်တွင် အလွန်အမင်းလေးလံသည့် ဝန်စည်များ သယ်ယူထမ်းပိုးခြင်း၊
- ပင်လယ်မြွေကိုက်ခြင်း သို့မဟုတ် ငါးသွား၊ ဆူးတောင် သို့မဟုတ် စက်ကိရိယာများကြောင့် ဒဏ်ရာရရှိခြင်း၊
- စိုစွတ်သော မျက်နှာပြင်များပေါ်တွင် ချော်လဲကျခြင်း၊ လိမ့်ကျခြင်း၊ ဦးခေါင်းကိုရိုက်မိခြင်း၊
- ကျောင်းထွက်လိုက်ရခြင်း

# အလုပ်နှင့်ပတ်သက်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာနေထိုင်ရန် သင်ဘာလုပ်သင့်သလဲ။

## ဥပဒေကိုသိရှိထားပါ

မြန်မာနိုင်ငံတွင် ဥပဒေအရအသက်၁၈ နှစ်အောက် မည်သူမျှ ဘေးအန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်ခွင့်မရှိပါ။ မလုပ်ကိုင်သင့်သည့် အချို့သော အလုပ်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

- လေးလံသည့်အရာများ ပင့်မခြင်း သို့မဟုတ် ဝန်စည်များကို ဝေးကွာသောနေရာသို့ သယ်ဆောင်ရခြင်း (ပိုက်ကွန်များ၊ လောင်စာဆီ၊ ငါး)
- ညအချိန် သို့မဟုတ် အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်ရခြင်း(တစ်ချိန်တည်း စနာရီထက်ပို၍)
- အန္တရာယ်ရှိသော ကုန်ပစ္စည်းများ ကိုင်တွယ်ရခြင်း သို့မဟုတ် အနီးကပ် လုပ်ကိုင်ရခြင်း (ဓာတ်ဆီ၊ ဆိုင်ရာနိုက်၊ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ)
- စက်ကိရိယာများနှင့် လုပ်ကိုင်ရခြင်း(အင်ဂျင်စက်နှိုးခြင်း သို့မဟုတ် ပြုပြင်ရန် ကြိုးစားခြင်း)
- ရေထဲ သို့မဟုတ် ရေအောက်တွင် အလုပ်လုပ်ကိုင်ရခြင်း (ရေငုပ်ခြင်း၊ ရေထဲတွင် မိနစ် အနည်းငယ်ထက်ပို၍ ရှိနေခြင်း)
- လျှောင်ပိတ်နေသည့်နေရာများတွင် လုပ်ကိုင်ရခြင်း (အအေးခန်း သို့မဟုတ်ငါးကြပ် တိုက်သည့်အခန်း)
- အခြားသူများနှင့် ဝေးကွာပြီး တစ်ဦးတည်း လုပ်ကိုင်ရခြင်း သို့မဟုတ် အခြား လူငယ်များနှင့်အတူ မလုပ်ကိုင်ရဘဲ သီးသန့်လုပ်ကိုင်ရခြင်း၊

## လေ့ကျင့်သင်ကြားပေးပါ။

သင် အလုပ်စတင်မလုပ်ကိုင်မီ သင်၏အလုပ်ရှင် သို့မဟုတ် တာဝန်ခံလူကြီးတစ်ယောက်က သင့်အလုပ်၏ အစိတ်အပိုင်းများဖြစ်သည့် လုပ်ငန်းတာဝန်တိုင်းအပေါ် လုပ်ကိုင်တတ်စေရန် လေ့ကျင့်သင်ကြား ပေးရမည်ဖြစ်ပါသည်။ သူတို့က သင့်အား လေးလံသည့်ပစ္စည်းများကို မည်သို့ ပင့်မရမည် သို့မဟုတ် ဖြတ်တောက်သည့် လက်သုံးကိရိယာ သို့မဟုတ် လက်နက်ကိရိယာများကို မည်သို့ ဘေးကင်းစွာသုံးစွဲရမည်၊ မည်သည့်အရာများက ဘေးအန္တရာယ်ဖြစ်စေတတ်သည်တို့ကို လက်တွေ့ပြသပေးရမည်ဖြစ်ပါသည်။ အရေးပေါ် အခြေအနေတွင်မည်သို့လုပ်ကိုင်ရမည့်၊ ထိခိုက်ဒဏ်ရာရရှိပါကမည်သည့်နေရာသို့ သွားရောက်ရမည်တို့ကိုပြောကြားထားရန်သည် အမှန်တကယ်အရေးကြီးပါသည်။ သင်ရရှိရမည့် အခွင့်အရေးများကိုလည်း သူတို့အနေဖြင့် ရှင်းပြရန်လိုအပ်ပါသည်။

- ဘေးအန္တရာယ်ကင်းရှင်းစွာ အလုပ်လုပ်ကိုင်နိုင်ရေး သင့်အနေဖြင့် လေ့ကျင့်သင်ကြားခံခွင့်ရှိပါသည်။
- လေ့ကျင့်သင်ကြားပြီးနောက် သင့်အနေဖြင့် အရွယ်ရောက်ပြီး အလုပ်သမားတစ်ဦးကဲ့သို့ တူညီသော လုပ်ခလစာ ရရှိခွင့်ရှိပါသည်။
- သင့်တွင် အားလပ်ချိန်နှင့်နားချိန် ရရှိခွင့်ရှိပါသည်။

## မေးခွန်းများ မေးမြန်းပါ

မရှက်ပါနှင့်။ မေးခွန်းများမေးမြန်းပါ။အလုပ်တစ်ခုအား မည်သို့လုပ်ရမည်ကို အသေချာမသိလျှင်ဖြစ်စေ သို့မဟုတ်သင့်အနေဖြင့် တစ်ခုခုအပေါ် စိုးရိမ်စိတ်ဝင်နေလျှင်ဖြစ်စေ ထိုသို့ဖြစ်နေကြောင်း ထုတ်ပြောပြပါ။ သင်ကမပြောလျှင် အခြားသူများက သိရှိကြမည်မဟုတ်ပါ။ သင်အနေဖြင့် မှန်းဆလုပ်ကြည့်ခြင်း သို့မဟုတ် တတ်ယောင်ကားလုပ်ကြည့်ခြင်းများလုပ်ဆောင်ခဲ့ပါက အမှားလုပ်မိသည့် အန္တရာယ်ရှိနိုင်ပါသည် သို့မဟုတ် ပိုဆိုးရွားလာခြင်း၊ထိခိုက်ဒဏ်ရာရခြင်းများဖြစ်လာနိုင်ပါသည်။ သင်က တလေးတစားမေးမြန်းခဲ့ပါက သူတို့အနေဖြင့် နားထောင်ပေးပါလိမ့်မည်။ သူတို့နားမထောင်ပါက နောက်ဆုံးတွင် သင့်အသက် ဆုံးရှုံးခြင်းသည် သင့်အလုပ်အကိုင် ဆုံးရှုံးခြင်းထက် ပို၍ဆိုးနိုင်ကြောင်းကိုသတိပြုပါ။

---

## သင့်အနေဖြင့် ဘေးကင်းစွာနေထိုင်နိုင်စေရန် သင့်အလုပ်ရှင်က မည်သည့်အရာများလုပ်ပေး သင့်ပါသလဲ။

- ငါးဖမ်းသင်္ဘောပေါ်ရှိ လူတိုင်းအတွက် အသက်ကယ်အင်္ကျီများ ပံ့ပိုးပေးပါ။
- ငါးဖမ်းသင်္ဘောပေါ်တွင် ရှေးဦးသူနာပြုဆေးသေတ္တာနှင့် အခြားအရေးပေါ်သုံး ပစ္စည်း ကိရိယာများ ထားရှိပေးပါ။
- လေးလံသောဝန်စည်များ သယ်ဆောင်ပါက သင့်ကိုကူညီစေခိုင်းပါ။ (သင့်ခန္ဓာကိုယ် အလေးချိန်၏ ၂၀ ရာခိုင်နှုန်းကျော်သော)
- ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ သို့မဟုတ် ဓာတုပစ္စည်းများ အသုံးပြုမှု မပါဝင်သည့် ရေရှည်တည်တံ့သော ငါးဖမ်းအလေ့အထများကိုသာ ကျင့်သုံးပါ။
- သင်အနေဖြင့် ငါးခုတ်ရမည်ဆိုပါက လက်အိတ်များ ပံ့ပိုးပေးခိုင်းပါ။ အဆိုပါ လက်အိပ် များသည် ဆုပ်ကိုင်ရကောင်းပြီး လက်မှချော်မထွက်သည့် လက်အိပ်မျိုးဖြစ်စေရပါမည်။

## ဖြစ်ရပ်မှန်များ

"ဒါဟာ ကျွန်တော့အလုပ်ဆင်းတဲ့ ဒုတိယမြောက် အပတ်ပါ။ ငါးအမျိုးအစားတွေ ခွဲနေတုန်း စိုနေတဲ့ ကြမ်းပြင်ပေါ်မှာ ချော်လဲကျပြီး ခေါင်းနဲ့ သင်္ဘောဘေးဘောင်နဲ့ ခပ်ပြင်းပြင်းလေး ရိုက်မိသွားတယ်။ ပြန်သတိရလာတဲ့အခါ ခေါင်းတွေချာချာလည် မူးဝေနေပြီး နှစ်ပတ်လောက် ခေါက်းကိုက်နေခဲ့ပါတယ်။ သူကို ကူမယ်သူ ဘယ်သူမှမရှိလို့ဆိုပြီး ကျွန်တော့ အလုပ်ရှင်က စိတ်ဆိုးနေသေးတယ်။"

"ကျွန်တော်ငါးဖမ်းပိုက်ကို ဆွဲနေတုန်းပိုက်အစတစ်ခုနဲ့ ကျွန်တော့်ခြေထောက်ညိပြီး သင်္ဘော တစ်ဖက်ထိပါသွားတယ်။ ပိုက်ကိုဖြတ်ဖို့ အဲဒီနေရာမှာ လူတစ်ယောက်မှသာရှိမနေခဲ့ဘူးဆိုရင် ကျွန်တော်ရေနစ်ပြီ။"

"ကျွန်တော့်ငယ်ချင်းတစ်ယောက် သေသွားခဲ့တယ်၊ သူတစ်ယောက်တည်းရှိနေခဲ့တာကြောင့် ဘယ်လိုဖြစ်မှန်း ကျွန်တော်တို့အတိအကျ မသိခဲ့ရပါဘူး။ ဒါပေမယ့် ရာသီဥတု တကယ့်ကို ဆိုးရွားနေတဲ့အချိန်မှာ သူတို့ ငါးဖမ်းထွက်သွားခဲ့ကြတဲ့ပုံပဲ။ လှိုင်းရိုက်ပြီး လေ့မြုပ်သွားတယ်။ သူ့အလုပ်ရှင်က အမြဲပိုက်ဆံချွေတာဖို့ပဲ လုပ်နေခဲ့ပြီး အသက်ကယ်အင်္ကျီဝယ်ဖို့ အယုံအကြည် မရှိခဲ့ပါဘူး။ ကျွန်တော့ သူငယ်ချင်းရဲ့ အလောင်းကို ပြန်တွေ့တော့ အသက်ကယ်အင်္ကျီ ဝတ် မထားတာကို တွေ့ခဲ့ရပါတယ်။ "

# အခြားသောအန္တရာယ်အချို့နှင့် ၎င်းတို့ကို မည်သို့ဆောင်ရွက်မည်

| | |
|---|---|
| ပြုတ်တောက်ခြင်း | **အချိန်ကြာနေသည့် ထိခိုက်ဒဏ်ရာကြောင့် ပိုးဝင်နိုင်ပါသည်။**<br>● ဓားများကို ထက်နေအောင်လုပ်ထားပါ။ တုံးနေသည့် ဓါးဖြင့် ပိုမိုခက်ခဲစွာ အားစိုက်ဖြတ်တောက်ရသဖြင့် အလွယ်တကူချော်ထွက်ပြီးပြတ်ရှမှုဖြစ်စေနိုင်ပါသည်။ ဘေးကင်းစွာဖြတ်တောက်သည့်နည်းလမ်းကို သင့်အနေဖြင့် အသေအချာ သိအောင်လုပ်ထားပါ(ဓါးသွားကို သင့်နှင့်ဝေးရာသို့ တွန်းပါ။ သင့် လက်မဘက်သို့ မဟုတ်ရပါ)။<br>● ဓား သို့မဟုတ်ငါးထိုးမှိန်း လက်မှလွတ်ကျသွားခဲ့လျှင် ဆက်၍ အကျခံပေးလိုက်ပါ။ ဖမ်းရန်မကြိုးစားပါနှင့် (သင့်အနေဖြင့် ဓားသွားကို ဖမ်းမိသွားနိုင်သည်)။<br>● ရှေးဦးသူနာပြုစုခြင်းကိုသင်ထားပါ။ ငါးမျှားချိတ်သို့မဟုတ် ငါးကျောရိုးဆူးတောင် အရေပြားတွင်စိုက်ဝင်ခဲ့ပါက မည်သို့ ဆောင်ရွက်ရမည်၊ ကြိုးများမီးလောင်ပါက မည်သို့ပြုလုပ်ရမည်တို့ကို သင်ယူထားပါ။<br>● လက်အိတ်များထုတ်ပေးရန် အလုပ်ရှင်ထံတောင်းဆိုပါ။ |
| လိမ့်ကျခြင်း | **ဆိုးရွားစွာ ပြုတ်ကျမှုကြောင့်အတွင်းဒဏ်ရာရရှိနိုင်ပြီး သင့်အနေဖြင့် အလုပ်ဆက်မလုပ်နိုင် ဖြစ်တတ်ပါသည်။**<br>● အထူးသဖြင့်ပစ္စည်းတစ်ခုခုကိုသယ်ဆောင်နေသည့်အခါသင့်အနေဖြင့် မည်သည့် အခါမှ မပြေးပါနှင့် သို့မဟုတ်အမြန်မသွားပါနှင့်။ ကျော်၍ကြည့်မရလောက်အောင် ပစ္စည်းများကို မြင့်မားစွာသယ်ဆောင်ခြင်းမလုပ်ပါနှင့်။<br>● ရော်ဘာဖိနပ်များ သို့မဟုတ် ခြေမချော်စေသည့် ခြေနင်းဆိုးပါ ရှူးဖိနပ်များကို ဝတ်ဆင်ပါ။<br>● သင်္ဘောကြမ်းပြင်ကို သပ်သပ်ရပ်ရပ်နှင့် ရှင်းရှင်းလင်းလင်းထားပါ။ ကြိုးများကို ခွေထားပါ။ ငါးစာနှင့်ချိတ်များကို ပုံး/ခွက်များအတွင်း ထည့်သွင်းသိမ်းဆည်းပေးပါ။ |
| ခါးနာခြင်းနှင့် ကြွက်သားများ ဒဏ်ဖြစ်ခြင်း | **အရိုးနှင့်ကြွက်သားများသည် ကြီးထွားနေဆဲဖြစ်၍အလွယ်တကူ ထိခိုက်ဒဏ်ရာ ရရှိနိုင်သည်။**<br>● လေးလံသည့် အရာများ ပင့်မရန် သို့မဟုတ် သယ်ဆောင်ရန်ရှိပါက အခြားသူတစ်ဦးဦး၏ အကူအညီရယူပါ။<br>● ကိုယ်တိုင် တစ်စုံတရာကို ပင့်မမည်ဆိုပါက ဘေးအန္တရာယ်ကင်းရှင်းသော ပင့်မနည်းဖြစ်သည့် "SLIM"သတိရပါ။<br>● အရာဝတ္ထုပစ္စည်းကို ပင့်မရန် ခြေထောက်ပေါ်အားပြုထိုင်ပါ။ (Squat)<br>● နောက်ကျော်ကြွက်သားများ မဟုတ်ဘဲ ခြေထောက်ကြွက်သားများကို အသုံးချပြီးမလိုက်ပါ။ (Lift)<br>● အရာဝတ္ထုပစ္စည်းကို သင့်ခန္ဓာကိုယ်နှင့် မျက်နှာချင်းဆိုင်ဘက်တွင် နီးကပ်စွာထားပါ။ (In close)<br>● ခန္ဓာကိုယ်ကို မလိမ်စေဘဲ ခြေကို ရွှေ့ပါ။ (Move)<br>● လေးလံသည့်အရာဝတ္ထုပစ္စည်းတစ်ခုခုကိုဆွဲခြင်းသို့မဟုတ်တွန်းခြင်းပြုသည့်အခါ သင့်ဝမ်းဗိုက်ကြွက်သားများကို တင်းထားပါ။ |

| | |
|---|---|
| **ထိတွေ့မှုနှင့် ပင်ပန်း နွမ်းနယ်မှု** | **သင့်ဦးနှောက်သည် ဖွံ့ဖြိုးနေဆဲဖြစ်ခြင်းကြောင့် အရွယ်ရောက်ပြီးသူများထက် ပိုမို အနားယူရန် လိုအပ်ပါသည်။**<br>● ပူပြင်းသည့် နေရောင်မှ ကာကွယ်နိုင်သည့် ခေါင်းဆောင်း သို့မဟုတ် အခြားတစ်ခုခု ဆောင်းထားပါ။<br>● ရေဓာတ်ရရှိနေစေရေး သန့်ရှင်းသောရေ များများသောက်ပါ။<br>● သင်ပင်ပန်းသည့်အခါ စဉ်းစားဆုံးဖြတ်နိုင်စွမ်းနည်းသွားပါသည်။ စိတ်အေးအေးထားပါ။ အခွင့်အရေးယူသည့် လုပ်ဆောင်မှုမျိုး မဖြစ်ပါစေနှင့်။<br>● ညစဉ်ညတိုင်း အနည်းဆုံး ၈ နာရီ အိပ်စက်ပါ။ |
| **အန္တရာယ် တကယ် ဖြစ်စေ တတ်သည့် ပစ္စည်းများ** | **သင့်အနေဖြင့် အသက် ၁၈ နှစ်အောက်များအတွက် ကန့်သတ်ပိတ်ပင်ထားသည် အရာများနှင့် မပတ်သက်ပါနှင့် ဝေးရာတွင်နေပါ။**<br>● လျှပ်စစ်ဓာတ်လိုက်မှု အန္တရာယ်ရှိသော လျှပ်စစ်ပစ္စည်းကိရိယာများ<br>● ညှပ်ပါ/ညိပါအန္တရာယ်ရှိသော အားအသုံးပြုစက်များ<br>● သေဆုံးစေနိုင်သော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ ငါးဖမ်းသည့် အဆိပ် သို့မဟုတ် အဆိုပါ အဆိပ်များထည့်သည့် ပုံး/ခွက်များ<br>● ရေနစ်အန္တရာယ်ရှိသော ပိုက်ကွန်ချိတ်ရန် သို့မဟုတ် သိမ်းရန် ရေနက်ပိုင်းတွင် ရေငုပ်ခြင်း၊ ခရု၊ ကမာအခွံမာကောင်များ ကောက်ခြင်း စသည့် |
| **အမှန်တကယ် ဆိုးရွားသည့် အခြေအနေ များ** | **အလုပ်တွင် လေးလေးစားစားဆက်ဆံခြင်းခံရရန် သင့်တွင် အခွင့်အရေးရှိသည်။**<br>● အသက်ကြီးသူများက သင့်အား အရက်သောက်ရန်၊ မူးယစ်ဆေးဝါးသုံးရန် သို့မဟုတ် သင့်နှင့်အတူ အခြားအရာများပြုလုပ်ရန် ကြိုးစားလာပါက အလုပ်ရှင် သို့မဟုတ် လုပ်ဖော်ကိုင်ဖက်ကိုပြောဆိုပါ။ သို့သော် ဤသို့သော အလုပ်ကို ဆက်မလုပ်ခြင်းမှာအကောင်းဆုံးဖြစ်ပါသည်။<br>● လုပ်ဖော်ကိုင်ဖက်များက ခြိမ်းခြောက်သည်ဟု ခံစားရလျှင် သို့မဟုတ် သင့်အရိုက်အနှက်ခံရလျှင် အခြားအလုပ်အသစ်တစ်ခုသို့ ပြောင်းပါ။ |

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

**International Labour Organization**
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour

**ILO Yangon Office**

No. 1 Kanbae (Thitsar) Road
Yankin Township
Yangon – Myanmar
Tel: +(951) 233 65 39
Fax: +(951) 233 65 82

yangon@ilo.org - www.ilo.org/yangon